## Feast of the Holy Family

**1st READING:** ***Sirach 3: 2-6, 12-14***
ဆီရပ်ခ်၏နီတိဒေသနာကျမ်း ၃း ၂–၆၊ ၁၂–၁၄

သားသမီးများသည်ဖခင်ကိုရိုသေလေးစားရန်သခင်ဘုရား စီမံထားတော်မူ၏။မိခင်၏အခွင့်အရေးကိုသူ့မသားသမီးများကအသိအမှတ်ပြုရန်ကိုယ်တော်အတည်ပြုတော်မူ၏။မိမိဖခင်ကိုရိုသေလေးစားသောသူသည်အပြစ်များအတွက်ဒဏ်ဆပ်ဖြေရာရောက်၍။ မိမိ၏မိခင်ကိုရိုသေကိုင်းရှိုင်းမှုပြုသောသူသည်များစွာသောစည်းစိမ်ဥစ္စာကိုစုဆောင်းရာ၏။မိမိဖခင်အားရိုသေလေးစားသောသားသည်မိမိ၏သားသမီးများကြောင့်ဝမ်းသာရွှင်လန်းရလိမ့်မည်။ သူဆုတောင်းသောအခါ၌လည်းသူ၏ဆုတောင်းသံသည်နားညောင်းခြင်းခံရလိမ့်မည်။ မိမိဖခင်ကိုရိုသေကိုင်းရှိုင်းသောသူသည်အသက်ရှည်လိမ့်မည်။သခင်ဘုရားကိုနာခံသောသူသည်မိမိ၏မိခင်အားနှစ်သိမ့်ခြင်းပေး၏။ငါ့သား၊သင့်ဖခင်အားအိုမင်းသောအရွယ်၌ကြည့်ရှုစောင့်ရှောက်လော့၊သူအသက်ရှင်သမျှကာလပတ်လုံးစိတ်မဆင်းရဲပါစေနှင့်။အကယ်၍သူသည်သတိမကောင်းဘဲချို့ယွင်းနေသည့်တိုင်သူ့အားထောက်ထားစာနာပါလော့။သင်သည်အရွယ်ကောင်း၍ကျန်းမာသန်စွမ်းသောအချိန်တွင်သူ့ကိုမထီလေးစားမပြုလေနှင့်။အကြောင်းမူကားဖခင်တစ်ဦးအားသနားကြင်နာခြင်းသည်မေ့လျော့ခြင်းခံရလိမ့်မည်မဟုတ်။သင့်အတွက်ဒဏ်ဆပ်ဖြေဖွယ်ရာပူဇော်ခြင်းဖြစ်၍အစဉ်တည်မြဲလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဋ်တော်ပေတည်း။

## Responsorial Psalm  Psalm  128: 1-2, 3, 4-5
**ဆာလံကျမ်း ၁၂၈း ၁–၂၊ ၃၊ ၄–၅**

**သံပြိုင်။** ။ထာဝရဘုရားကိုကြောက်ရွံ့ရိုသေလျက်ကိုယ်တော်၏တရားလမ်းများ၌လျှောက်လှမ်းသူတိုင်းသည်မင်္ဂလာရှိ၏။
R. **Blessed are those who fear the Lord and walk in his ways.**

၁။ ။ထာဝရဘုရားကိုကြောက်ရွံ့ရိုသေလျက်ကိုယ်တော်၏တရားလမ်းများ၌လျှောက်လှမ်းသူတိုင်းသည်မင်္ဂလာရှိ၏။ သင်သည်မိမိလက်ဖြင့်လုပ်ဆောင်ရာမှရရှိသောအသီးအပွင့်ကိုစားသုံးရလိမ့်မည်။သင်သည်ပျော်ရွှင်ဝမ်းမြောက်ရ၍၊ကြီးပွားချမ်းသာလိမ့်မည်။ **သံပြိုင်။**
Blessed is everyone who fears the LORD, who walks in his ways! For you shall eat the fruit of your andiwork; blessed shall you be, and favored.

၂။ ။သင်၏ဇနီးသည်အိမ်တွင်အသီးများဝေဆာနေသောစပျစ်ပင်ကဲ့သို့ဖြစ်လိမ့်မည်။သင်၏သားသမီးများသည်သံလွင်ပင်ပေါက်ကလေးများကဲ့သို့စားပွဲပတ်လည်တွင်ရှိကြလိမ့်မည်။ **သံပြိုင်။**
Your wife shall be like a fruitful vine in the recesses of your home; your children like olive plants around your table.

၃။ ။ထာဝရဘုရားကိုကြောက်ရွံ့ရိုသေသောသူသည်ဤနည်းတူဖြစ်ရလိမ့်မည်။ထာဝရဘုရားသည်သင့်ကိုဇိအုန်တောင်ပေါ်မှကောင်းချီးပေးတော်မူလိမ့်မည်။သင်သည်အသက်ရှင်သမျှကာလပတ်လုံးဂျေရုဆလင်မြို့၏ကြွယ်ဝချမ်းသာခြင်းကိုမြင်တွေ့ရပါစေသော။ **သံပြိုင်။**
Behold, thus is the man blessed who fears the LORD.  The LORD bless you from Zion: may you see the prosperity of Jerusalem all the days of your life.

## 2nd READING: Colossians 3: 12-21

ကော်လောဆဲမြို့သားတို့ထံရေးသောစာ။ ၃း ၁၂–၂၁

သင်တို့သည်ဘုရားသခင်၏လူမျိုးတော်များဖြစ်ကြ၏။ကိုယ်တော်သည်သင်တို့ကိုချစ်၍မိမိပိုင်ဆိုင်သူများဖြစ်ရန်ရွေးချယ်တော်မူသဖြင့်ကရုဏာပြခြင်း၊သနားကြင်နာခြင်း၊စိတ်နှိမ့်ချခြင်း၊နူးညံ့သိမ်မွေ့ခြင်း၊စိတ်ရှည်ခြင်းတို့ကိုဝတ်ဆင်ကြလော့။သင်တို့သည်အချင်းချင်းအပေါ်တွင်အပြစ်တင်စရာရှိပါလျှင်သည်းခံလျက်အပြစ်အခွင့်လွှတ်ကြလော့။သခင်ဘုရားသည်သင်တို့အားအပြစ်အခွင့်လွှတ်တော်မူသကဲ့သို့သင်တို့သည်လည်းအချင်းချင်းတစ်ဦးကိုတစ်ဦးအပြစ်အခွင့်လွှတ်ကြလော့။ဤအရည်အသွေးများကိုချစ်ခြင်းမေတ္တာဖြင့်ထပ်လောင်း၍ဖြည့်စွက်ကြလော့။ချစ်ခြင်းမေတ္တာသည်အရာခပ်သိမ်းကိုစုစည်းပြည့်စုံကောင်းမွန်စွာညီညွတ်စေသတည်း။ခရစ်တော်ပေးဆပ်ခဲ့သောငြိမ်သက်ခြင်းသည်သင်တို့ဆုံးဖြတ်ချက်များ၌ဦးဆောင်လမ်းပြရန်ဖြစ်သည်။အကြောင်းမှာထိုငြိမ်သက်ခြင်းသည်သင်တို့ကိုတစ်ခုတည်းသောခန္ဓာကိုယ်အဖြစ်ခေါ်ထားတော်မူ၏။သို့ဖြစ်၍ကျေးဇူးတော်ကိုချီးမွမ်းကြလော့။ခရစ်တော်၏တရားတော်ကိုယင်း၏ပြည့်စုံကြွယ်ဝခြင်းနှင့်သင်၏စိတ်နှလုံးထဲ၌ရှင်သန်စေကြလော့။ဉာဏ်ပညာရှိသမျှဖြင့်အချင်းချင်းအားသွန်သင်ဆုံးမကြလော့။ဆာလံသီချင်း၊အမျိုးမျိုးသောဓမ္မသီချင်းများကိုစိတ်နှလုံးထဲတွင်ဘုရားသခင်အားကျေးဇူးတင်လျက်သီဆိုကြလော့။သို့ဖြစ်၍သင်တို့သည်ပြောဆိုပြုမူသမျှတို့၌ဘုရားသခင်၏နာမတော်ကိုထောက်၍ပြောဆိုပြုမူကြလော့။ထိုအရှင်ကိုအမှီပြု၍အဖဘုရားသခင်အားကျေးဇူးတော်ကိုချီးမွမ်းကြလော့။ဇနီးသည်တို့သင်တို့၏ခင်ပွန်းသည်တို့အားသြဇာခံကြလော့။သင်တို့သည်ခရစ်ယာန်အနေဖြင့်ဤကဲ့သို့ခံယူသင့်ကြ၏။ခင်ပွန်းသည်တို့သင်တို့၏ဇနီးသည်တို့ကိုချစ်ကြလော့။သူတို့အားကြမ်းတမ်းစွာမပြုကြနှင့်။သားသမီးတို့မိဘတို့၏စကားကိုနားထောင်ကြလော့၊ဤအမှုသည်ဘုရားသခင်နှစ်သက်တော်မူသောအမှုဖြစ်၏။မိဘတို့သင်တို့၏သားသမီးများကိုအမျက်ဒေါသထွက်အောင်မဆွကြနှင့်။သို့ပြုလျှင်သူတို့သည်စိတ်ပျက်အားလျော့လာကြလိမ့်မည်။ကျွန်အစေခံတို့အရာခပ်သိမ်း၌သင်တို့၏သခင်ရှေ့မှောက်၌သာလျှင်နာခံကြသည်မဟုတ်ဘဲ၊သခင်ဘုရားကိုကြောက်ရွံ့ရိုသေသောအားဖြင့်ဖြောင့်မတ်မှန်ကန်သောစိတ်ထားနှင့်နာခံကြလော့။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** *Luke2:22-40*

*သံလူကားရေးထားသော သန့်ရှင်းသောဧဝံဂေလိကျမ်း။ (၂၊၂၂မှ၄၀)*

မိုးဇယ်၏တရားကျမ်းအတိုင်း စင်ကြယ်ခြင်းကိုပြုရသောနေ့ရက်များ ကုန်စင်ပြီးသောအခါ ကိုယ်တော်ကို ဂျေရုဇလင်မြို့သို့ ဆောင်သွား၍၊ ဖွားသောသားဦးယောကျ်ားဟူသမျှကို သခင်ဘုရားအဖို့ သန့်ရှင်းစေရမည်ဟု သခင်ဘုရားကျမ်း၌ ရေးထားလျက်ရှိသည့်အတိုင်း၊ သခင်ဘုရားအားဆက်ကပ်ကြ၏။ ချိုးငှက်ကလေးတစ်စုံဖြစ်စေ၊ ခိုကလေးနှစ်ကောင်ဖြစ်စေ၊ သခင်ဘုရား၏ကျမ်း၌ ရေးထားသည့်အတိုင်းလည်း ပူဇော်ကြ၏။ ထိုအခါ စီမေအုံ အမည်ရှိသောလူတစ်ဦးသည် ဂျေရုဇလင်မြို့၌ ရှိ၏။ ထိုသူသည် ဖြောင့်မတ်သောသူ၊ ဘုရားကို ကြောက်ရွံ့ ရိုသေသောသူဖြစ်၍ အစ္စရေးလူမျိုး၏နှစ်သိမ့်စေခြင်းအကြောင်းကို မျှော်လင့်လျက်နေ၏။ သန့်ရှင်းသော ဝိညာဉ်တော်သည်လည်း သူ၌ရှိ၏။ သူသည်သခင်ဘုရား၏ခရစ္စတူးတော်ကိုမမြင်မီ သေခြင်းကိုမမြင်ရဟု သန့်ရှင်းသောဝိညာဉ်တော်ထံမှ ဗျာဒိတ်အဖြေကိုခံရလေ၏။ ထို့ကြောင့်ဝိညာဉ်တော်အားဖြင့် ဗိမာန်တော်သို့လာ၏။ မိဘတို့သည်လည်း တရားကျမ်းထုံးစံအတိုင်းပြုခြင်းငှါ သူငယ်တော်ယေရှုကို ဆောင်သွင်းစဉ်တွင် ကိုယ်တော်ကို မိမိလက်နှင့်ချီပိုက်၍ ဘုရားသခင်အားကျေးဇူးတော်ကို ချီးမွမ်းလျက် မြွက်ဆိုသည်ကား၊ အရှင်ဘုရား ဗျာဒိတ်တော်အတိုင်း ကိုယ်တော်၏ ကျွန်ကိုယခုငြိမ်ဝပ်စွာ လွှတ်တော်မူသည်။ အကြောင်းမူကား လူမျိုးတကာတို့ မျက်မှောက်၌ ပြင်ဆင်တော်မူသော ကယ်တင်ခြင်းကို ကျွန်ုပ်မျက်စိများသည် မြင်ရလေပြီ။ လူမျိုးတို့ကို လင်းစေခြင်းငှါ အလင်းတော်ကို လည်းကောင်း၊ ကိုယ်တော်၏လူအစ္စရေးအမျိုး၏ ဂုဏ်ကြက်သရေတော်လည်းကောင်း ဖြစ်သတည်း။ ကိုယ်တော်၏အဖ၊ အမိတို့သည် ကိုယ်တော်အကြောင်းကိုပြောဆိုသော ဤအရာများကို အံ့ဩလျက် နေကြ၏။ စီမေအုံသည်လည်း သူတို့ကိုကောင်းချီးပေး၍ ကိုယ်တော်၏မယ်တော်အားဆိုသည်ကား၊ ဤသူသည် အစ္စရေးလူမျိုး၌ အများတို့၏ ပျက်စီးခြင်းအဖို့ငှာလည်းကောင်း၊ ရှင်ပြန်ခြင်းအဖို့ငှါလည်းကောင်း၊ ဆန့်ကျင်ဘက်ပြုကြရသော အမှတ်အဖို့ လည်းကောင်း၊ ခန့်ထားလျက်ရှိသောသူဖြစ်၏။ အများတို့၏နှလုံးမှ အကြံအစည်တို့ကိုဖော်ပြစေခြင်းငှါ သူ၏နှလုံး ကိုလည်း သံလျက်ထိုး ဖောက်လိမ့်မည်။ အာဆေရ်ခရိုင်ထဲက ဖါနူးအဲလ်၏သမီးအန်နားအမည်ရှိသော ပရော ဖက်မတစ်ဦးရှိ၏။ ထိုသူသည် အသက်အရွယ်ကြီးရင့်၏။ ပျိုသောအရွယ်က မိမိခင်ပွန်းနှင့် ခုနစ်နှစ်နေပြီးမှ အသက်ရှစ်ဆယ့်လေးနှစ် တိုင်အောင် မုဆိုးမဖြစ်လျက် အစာရှောင်ခြင်းနှင့် ဆုတောင်းခြင်းဖြင့် ဘုရားဝတ်ပြု၍ နေ့ညမပြတ်ဗိမာန်တော်ထဲကမခွါဘဲနေလေ၏။ ဤသူသည်လည်းထိုနာရီအချိန်၌ ရောက်လာ၍ သခင်ဘုရားကို ချီးမွမ်းသဖြင့် အစ္စရေးကယ်တင်ခြင်းအရာကို မျှော်လင့် နေကြသောသူအပေါင်းတို့အား ထိုသူ၏အကြောင်းကို ပြောလေ၏။ သခင်ဘုရား၏ တရားကျမ်းလာတိုင်း အကုန်အစင်ပြုပြီးလျှင် ဂါလီလေအာ၌ မိမိတို့၏ မြို့ဖြစ်သော နာဇရက်သို့ပြန်သွားကြ၏။ သူငယ်တော်သည်လည်း ကြီးပွားလျက်၊ အားအင်တိုးတက်လျက် ဉာဏ်ပညာနှင့်ပြည့်စုံ၏။ ဘုရားသခင်၏ကျေးဇူးတော်သည်လည်း သူ၌ရှိ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။